AJAR
ASIA JUSTICE AND RIGHTS

ပဋိပက္ခဒေသများတွင်  လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပပျောက်ရေး အပြည်ပြည်ဆိုင်ရာ/နိုင်ငံတကာနေ့

**လုံခြုံမှုနှင့် တာဝန်ခံမှုကို မြန်မာနိုင်ငံရှိ အမျိုးသမီးများ လိုအပ်သည်**

၁၉ ရက် ဇွန်လ ၂၀၂၁ ခုနှစ်

ယနေ့ကျရောက်သော ပဋိပက္ခဒေသများတွင်  လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ပပျောက်ရေး အပြည်ပြည်ဆိုင်ရာ/နိုင်ငံတကာနေ့ တွင် တိုင်းရင်းသားလူမျိုးစုအသီးသီးရှိ အမျိုးသမီး၊ အမျိုးသားများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် စော်ကားမှုများအားလုံးကို ချက်ချင်းရပ်တန့်ရန်နှင့် ထိုလုပ်ရပ်များအတွက် မြန်မာစစ်တပ်မှ တာဝန်ခံရန် မိမိတို့အနေဖြင့် တောင်းဆိုသည်။

လက်ရှိ စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုအပေါ် တပ်မတော်၏ (စစ်ကောင်စီ) ဖိနှိပ်ဖြိုခွင်းမှု ကို ကြည့်ခြင်းအားဖြင့် အာဏာသိမ်း စစ်အုပ်စုသည် ၎င်းတို့၏ အာဏာတည်မြဲရေးနှင့် ပြည်သူများ ကြောက်ရွံ့စေရေးအတွက် လိင်ပိုင်းဆိုင်ရာနှင့် လိင်ကွဲပြားမှုအပေါ် အခြေခံသော အကြမ်းဖက်မှုများကို ရက်စက်ကြမ်းကြုတ်သည့် နည်းလမ်းတစ်ခုအဖြစ် ဆက်လက်အသုံးပြုနေသည်မှာ ထင်ရှားသည်။

မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် စစ်အာဏာသိမ်းမှုအပေါ် ပြတ်ပြတ်သားသား ဆန့်ကျင်ကြ သူများဖြစ်ပြီး စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုများနှင့် ဆန္ဒပြမှုများတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်နေကြသည်။ ထိုသို့ ပါဝင်လှုပ်ရှားနေကြရာတွင် ၎င်းတို့သည် မြန်မာနိုင်ငံ၏ ဖိုဝါဒကြီးစိုးသော ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် လူမှုရေးစံနှုန်းများကို ဆန့်ကျင်တော်လှန်ကာ လိင်ကွဲပြားမှုကို အခြေခံသော ပုံစံခွက်များကို တီထွင်ဆန်း သစ်သော နည်းလမ်းများဖြင့် စိန်ခေါ် ခဲ့ကြသည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ မီးမောင်းထိုးပြခဲ့သည့် အတိုင်း "၆၀ ရာခိုင်နှုန်းကျော် အမျိုးသမီးများသည် ဆန္ဒပြပွဲများတွင် ရှေ့ဆုံးတန်း (ခုခံကာကွယ်ရေးတန်း)မှ အကြောက်အရွံ့ကင်းစွာ ပါဝင်ပြီး ငြိမ်းချမ်းစွာဆန္ဒပြပွဲများအား ဦးဆောင်ခဲ့ကြသည်။"

အမျိုးသမီးများသည် အကြမ်းဖက်မှုဒဏ်များ၊ အများအားဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ရင်ဆိုင်နေကြရသည်။ အစီရင်ခံစာများအရ စစ်ကောင်စီ၏ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အမျိုးသမီးဆန္ဒပြသူများ ကို ကြမ်းတမ်းစွာ ကိုင်တွယ်ခြင်း၊ နှုတ်ဖြင့် လိင်ပိုင်းဆိုင်ရာ စော်ကား နှောက်ယှက်မှုများကျူးလွန်ခြင်း၊ လိင်ပိုင်းဆိုင်ရာ ထိပါးရန် ရည်ရွယ်၍ ထိတွေ့ခြင်းများ ပြုလုပ်ခဲ့ကြောင်း ဖော်ပြနေသည်။ ဥပမာအားဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ ဖျော်ဖြေမှုအတွက် အမျိုးသမီးများကို လမ်းမပေါ်တွင် အတင်းအဓမ္မ က,ခိုင်းခြင်း (သို့) ဖမ်းဆီးမည့်စာရင်းမှ နာမည်ပယ်ဖျက်လိုပါက အတူအိပ်ရန် အမျိုးသမီးများကို ဖိအားပေးခြင်း များ ပြုလုပ်ခဲ့သည်။ အထူးစိုးရိမ်ဖွယ်ကောင်းသည့်အချက်မှာ ဖမ်းဆီးထိန်းသိမ်းချိန်နှင့် စစ်ကြောရေး ဝင်ချိန်အတွင်း အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာနှင့် လိင်ကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှု၊ အမျိုးသမီးမုန်းတီးမှု၊ လိင်ပိုင်းဆိုင်ရာ ခွဲခြားဆက်ဆံမှု စသည့် ပုံစံများဖြင့် ခွဲခြားပြုမှုဆက်ဆံမှုပြုနေသည့် အခြေအနေပင်ဖြစ်သည်။ အမျိုးသမီးလိင်အင်္ဂါများကို ဦးတည် ရိုက်နှက်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများ အပါအဝင် သံတိုင်များနောက်ကွယ်တွင် ဖြစ်ပွားနေသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအား ထွက်ရှိပြီး အစီရင်ခံစာများတွင် ဖော် ပြထားပါသည်။ လွတ်လပ်သော နိုင်ငံတကာ ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး ကောင်စီ (SAC-M) ၏ လတ်တလော

မီးမောင်းထိုးပြချက်များအရ "လိင်ပိုင်းဆိုင်ရာနှင့် လိင်ကွဲပြားမှုအပေါ် အခြေပြုသောအကြမ်းဖက်မှုများသည် စစ်အာဏာရှင်မှ အပြစ်မဲ့ အရပ်သားပြည်သူများကို အကြမ်းဖက်ရန်နှင့် အပြစ်ပေးရန်အတွက်ကျင့်သုံးနေသော ရက်စက်ကြမ်းကြုတ်သည့် မဟာဗျူဟာတစ်ခုအဖြစ် ဆက်လက် တည်ရှိနေဆဲပင်ဖြစ်သည်"။

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ဖိနှိပ်ချုပ်ချယ်ရန်နှင့် စစ်လက်နက်တစ်ခုအဖြစ် စစ်တပ်မှ အသုံးပြုနေခြင်းမှာ အသစ်အဆန်း မဟုတ်ပေ။ လူနည်းစု တိုင်းရင်းသားအုပ်စုများအပေါ် ဆယ်စုနှစ်များစွာ မဟာဗျူဟာချမှတ် ကျင့်သုံးခဲ့ပြီး ဖြစ်သည်။ မြန်မာ့အရေးနှင့်ပတ်သက်သည့် လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) ၏ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီထံသို့ ပေးပို့သော အစီရင်ခံစာတွင် "မုဒိမ်းပြုကျင့်ခြင်းနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် ၂၀၁၁ ခုနှစ်မှစတင်ကာ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်များရှိ အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားသည့် အလွန်ဆိုးဝါးသိသာစွာ ထပ်တလဲလဲဖြစ်ပွားနေသော လုပ်ရပ်များဖြစ်သည်"ဟု အနှစ်ချုပ်ဖော်ပြထားသည်။ "လိင်ပိုင်းဆိုင်ရာနှင့် လိင်ကွဲပြားမှုကိုအခြေခံသော အကြမ်းဖက်မှုများသည် တပ်မတော်၏ ရခိုင်နှင့် မြန်မာနိုင်ငံမြောက်ပိုင်း စစ်ဆင်ရေးများ၌ ထင်ရှားသော ဝိသေသလက္ခဏာတစ်ခုဖြစ်ပြီး" ထိုလုပ်ရပ်သည် အရပ်သားပြည်သူများကို အကြမ်းဖက်ရန်၊ ခြိမ်းခြောက်ရန်နှင့် အပြစ်ပေးရန် ရည်ရွယ်ချက်ရှိရှိဖြင့် စနစ်တကျ စီစဉ်ထားသည့် မဟာဗျူဟာ အစိတ်အပိုင်းတစ်ခု အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း FFM မှ သုံးသပ်တွေ့ရှိထားသည်။

အမှန်စင်စစ်တွင် စစ်တပ်၏ တိုင်းရင်းသားလူမှုအသိုင်းအဝိုင်းအသီးသီးမှ မိန်းကလေးငယ်များနှင့် အမျိုးသမီးများ၊ အမျိုးသားများအပေါ် ထိခိုက်နာကျင်စေရန်နှင့် အရှက်ရစေရန် နည်းဗျူဟာတစ်ခုအဖြစ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို လက်နက်တစ်ခုသဖွယ် အသုံးပြုနေမှုကို နှစ်ပေါင်းများစွာကတည်းကပင် အရပ်ဖက် လူမှုအဖွဲ့အစည်းများမှ မှတ်တမ်းတင် ပြစ်တင် ရှုတ်ချခဲ့ကြပြီးဖြစ်သည။ ဖြစ်ပျက်ခဲ့သည် အခြေအနေအပေါ် မူတည်၍ လိင်ပိုင်းဆိုင်ရာနှင့် လိင်ကွဲပြားမှုအပေါ် အခြေခံသော အကြမ်းဖက်မှုများသည် စစ်ရာဇဝတ်မှု၊ လူသားဖြစ်တည်မှု အပေါ်ဆန့်ကျင်သည့် ရာဇဝတ်မှုနှင့် လူမျိုးတုံးသတ်ဖြတ်မှုအပါအဝင် အပြည်ပြည်ဆိုင်ရာ ဥပဒေများအရ ရာဇဝတ်မှု မြောက်နိုင်သည်။ ဤကဲ့သို့ လိင်ပိုင်းဆိုင်ရာနှင့် လိင်ကွာပြားမှုအပေါ် အခြေခံသော အကြမ်းဖက်မှုများကို စစ်ဆင်ရေးကရိယာတစ်ခုအဖြစ် အကန့်အသတ်မဲ့ အသုံးပြုနေမှုပုံစံကို ချက်ချင်း ရပ်တန့်ရမည် ဖြစ်ပြီး၊ ဆယ်စုနှစ်များစွာ ပြစ်ဒဏ်ပေးခြင်းမှ ကင်းလွတ်ခွင့်ရှိနေခြင်းသည် မြန်မာစစ်တပ်အား ဤကဲ့သို့ ရက်စက်ကြမ်းကြုတ်လှသော ရာဇဝတ်မှုများကို တာဝန်ခံမှုမရှိပဲ ဆက်လက်ကျူးလွန်ရန် တွန်းအားပေးနေသည်။ ယခုအခါ တရားမျှတမှုအတွက် အချိန်ကျရောက်ပြီဖြစ်သည်။  မြန်မာစစ်တပ်မှ ပဋိပက္ခဒေသများတွင်  လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ရပ်တန့်ရန်နှင့် ကျူးလွန်သူများအား တာဝန်ခံရမည်။

ထို့ကြောင့် မိမိတို့အနေဖြင့် အောက်ပါအတိုင်း အကြံပြုတိုက်တွန်းလိုက်သည်-

**နိုင်ငံတကာအသိုင်းအဝိုင်းသို့-**

- မြန်မာနိုင်ငံအခြေအနေအား နိုင်ငံတကာရာဇဝတ်မှုခုံရုံး (ICC) သို့ လွှဲပြောင်းမှု ပြုလုပ်ရန်
- မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရားကို ပိုမိုအားကောင်းစေရေး ဆောင်ရွက်ရန်
- ပေါင်းစပ်ညှိနှိုင်းထားသည့် လက်နက်ပိတ်ဆို့မှုတစ်ခု မြန်မာနိုင်ငံအပေါ် ချမှတ်ရန်

- မြန်မာစစ်တပ်၏ စီးပွားရေးလုပ်ငန်းများအပေါ် ပစ်မှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများ ထပ်မံလုပ်ဆောင်ရန်
- နိုင်ငံသားများအပေါ် စစ်တပ်အာဏာသိမ်းမှုနှင့် ရက်စက်ယုတ်မာမှုများ အဆုံးသတ်ရန် NUG ကို မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ်အသိအမှတ်ပြုပါ။

**အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (ASEAN) သို့-**

- နိုင်ငံတကာအသိုင်းအဝိုင်းမှ ပြုလုပ်သည့် လက်နက်ပိတ်ဆို့မှုကို ထောက်ခံပံ့ပိုးရန်
- မြန်မာအရေးနှင့်ပတ်သက်သည့် ၎င်း၏ "အချက် ၅ ချက်သဘောတူညီမှု" ကို အကောင်ထည်ဖော်မည့် အချိန်ကာလသတ်မှတ်ရန်နှင့် မြန်မာ စစ်အုပ်စုမှ တာဝန်ခံမှုရှိစေရေး ထိရောက်ပွင့်လင်းစွာ ဆောင်ရွက်ရန်
- နိုင်ငံရေးအကျဉ်းသူ/အကျဉ်းသားများအားလုံး ချက်ချင်းလွှတ်ပေးရေးတောင်းဆိုရန်
- နိုင်ငံသားများအပေါ် စစ်တပ်အာဏာသိမ်းမှုနှင့် ရက်စက်ယုတ်မာမှုများ အဆုံးသတ်ရန် NUG ကို မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ်အသိအမှတ်ပြုပါ။

**အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သို့-**

- လုံခြုံရေးတပ်ဖွဲ့များမှ ကျူးလွန်သော လိင်ပိုင်းဆိုင်ရာနှင့် လိင်ကွဲပြားမှုကိုအခြေခံသော အကြမ်းဖက်မှုဆိုင်ရာ စွပ်စွဲချက်များကို ဆက်လက်မှတ်တမ်းတင်ရန်
- IIMM နှင့် ပူးပေါင်းဆောင်ရွက်ရန်
- အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ ရောမ စာချုပ်ကို လက်ခံခြင်းနှင့် အတိတ်မှ ရာဇဝတ်မှုများအတွက် ICC ၏ တရားစီရင်ပိုင်ခွင့်ကို လက်ခံကြောင်း ကြေညာခြင်းအပါအဝင် တရားမျှတမှုအတွက် ကျူးလွန်သူများကို တရားစီရင်ရေးသို့ ခေါ်ဆောင်ရန်အတွက် ကတိကဝတ်ပြုရန်
- လိင်ကွဲပြားမှုအပေါ်အခြေခံသည့် တန်းတူမညီမျှမှုများနှင့် ဖိုဝါဒါကြီးစိုးသော လူမှုရေးစံနှုန်းများ အပါအဝင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ဖြစ်စေသည့် အကြောင်းအရင်းများကို ကိုင်တွယ် ဖြေရှင်းခြင်းနှင့် အမျိုးသားညီညွတ်ရေးအစိုးရ အာဏာပိုင်များလက်အောက်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ ကို အသိပညာပေးသင်တန်းများပေးခြင်းဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ကာကွယ် တားဆီးရန်အတွက် ကတိကဝတ်ပြုရန်။
- အကြမ်းဖက်မှုများမှ ရှင်သန်လွတ်မြောက်လာသူများ၏ အခွင့်အရေးများဖြစ်သည့် အမှန်တရား ရရှိရေးနှင့် ပြန်လည်ကုစားပေးလျော်ခြင်း အခွင့်အရေးများ၊ အထူးသဖြင့် ရှင်သန်လွတ်မြောက်သူများ အတွက် ပြန်လည်ထူထောင်ရေးအစီအစဉ်များကို လုပ်ဆောင်ရန်အလို့ငှာ အဓိပ္ပာယ်ပြည့်ဝသော အသွင်းကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ယန္တရားများကို တည်ဆောက်အတွက် ကတိကဝတ်ပြုရန်။

*Organizations Signed:*

- ACbit Timor Leste
- Advocacy Forum (Nepal)
- All Arakan Students' and Youths' Congress (AASYC)
- Alliance for Gender Inclusion in the Peace Process (AGIPP)

- Amnesty International Indonesia
- Asia Democracy Network (ADN)
- Asia Justice and Rights (AJAR)
- Assistance Association for Political Prisoners (AAPP)
- Association Human Rights Defenders and Promoters
- Chin Human Rights Organization
- Cross Cultural Foundation (CRCF) (Thailand)
- East Bago – Former Political Prisoners Network
- Forum Asia
- Forum Pengada Layanan (Indonesia)
- Future Light Center
- Gender Equality Network (GEN)
- Hear My Voice- Women's Network
- Human Rights Foundation of Monland
- Human Rights Organization of Nepal (HURON)
- Human Rights Working Group (HRWG) (Indonesia)
- Institute Ungu (Indonesia)
- Kachin Women Peace Network
- Kachin Women's Association Thailand (KWAT)
- KontraS (the Commission for the Disappeared and Victims of Violence) (Indonesia)
- KontraS Aceh
- Kurawal Foundation (Indonesia)
- LK3 (Lembaga Kajian Keislaman dan Kemasyarakatan) (Indonesia)
- Migrant Care
- Milk Tea Alliance (Indonesia)
- ND-Burma
- ODHIKAR (Bangladesh)
- Pa-O Youth Organization
- Perempuan AMAN (Indonesia)
- Progressive Voice
- Rohingya Women Association for Education and Development
- Rohingya Women for Justice and Peace
- Rohingya Women Voice
- Rumah Kitab (Indonesia)
- SAFEnet
- Sister to Sister
- Solidaritas Perempuan (Indonesia)
- Spring Rainbow
- Suriya Women's Development Centre
- Ta'ang Legal Aid (TLA)
- Ta'ang Students and Youth Union (TSYU)
- Ta'ang Women's Organization (TWO)
- Tavoyan Women's Union (TWU)
- The May 18 Memorial Foundation
- Tri Star
- Union of Karenni State Youth (UKSY)
- Vimutti Women Organization (VWO)
- Women's League of Burma (WLB)

- Yayasan Lembaga Bantuan Hukum (Indonesia)

1 additional organization endorsed this statement but due to security concerns would like to remain anonymous.

*Individuals Signed:*

- Basantakumar Wareppam, Human Rights Lawyer (India)
- Cristina Sevilla, Human Rights Lawyer (Philippines)
- Upul Kumarapperuma, Attorney at Law (Srilanka)